ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၆ ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်

## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ(Authorized Economic Operators–AEO) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပခြင်း




စက်တင်ဘာလ ၁၅ ရက်နေ့၊ နံနက် (၉:၀၀) အချိန်တွင် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (Authorized Economic Operators–AEO) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ အစီအစဉ်နှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ နှင့် မြန်မာနိုင်ငံ ဆန်/စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။






အခမ်းအနားတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း (၁၁၁) ဦး တက်ရောက်ခဲ့ပါသည်။ အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခြင်းအား အကောက်ခွန်ဦးစီးဌာနမှ AEO ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော Exporter ကုမ္ပဏီတစ်ခုဖြစ်သည့် Shwe Wah Yaung Agriculture Production Co.,Ltd ကို စည်းကမ်းလိုက်နာမှုအတွက် AEO (Level-1) အဖြစ် အသိအမှတ်ပြု လက်မှတ် ချီးမြှင့်ခဲ့ပါသည်။



# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ သြဝါဒ စကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုလစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၁၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# သီလဝါဆိပ်ကမ်းနယ်မြေရှိ ဆိပ်ကမ်းများ၊ စက်သုံးဆီဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် ဌာနအလိုက် တာဝန်ဝတ္တရားများ (SOPs) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခြင်း





သီလဝါဆိပ်ကမ်းနယ်မြေရှိ ဆိပ်ကမ်းများ၊ စက်သုံးဆီဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် ဌာနအလိုက်တာဝန်ဝတ္တရားများ (SOPs) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၉-၉-၂၀၂၂) ရက်နေ့၊ နေ့လည် (၀၉:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ဆိပ်ကမ်းမှတာဝန်ရှိသူများ နှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိအရာထမ်းများ၊ စုစုပေါင်း (၄၅) ဦးခန့်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးရည်ရွယ်ချက်မှာ နိုင်ငံတော်၏အခွန်ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တရားမဝင် တင်သွင်း/ တင်ပို့မှုများကို တားဆီး/ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်းများ ဆောင်ရွက်သွားနိုင်ရန် သီလဝါဆိပ်ကမ်းနယ်မြေရှိ ဆိပ်ကမ်းများ၊ စက်သုံးဆီဆိပ်ကမ်းများ နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဌာနအလိုက် တာဝန်ဝတ္တရားများ (SOPs) နှင့်လုပ်ငန်းစီမံချက် (မူကြမ်း) တို့ကို ပြင်ဆင်အတည်ပြုနိုင်ရေးအတွက် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးအား နေ့လည် (၁၁:၃၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုလျက်ရှိသော Application Programming Interface (API) စနစ်၏ Software နှင့် Hardware Maintenance Vendor ငှားရမ်းခြင်းအတွက် ဈေးနှုန်းအဆိုပြုလွှာ စိစစ်ရွေးချယ်ခြင်းအခမ်းအနား





အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုလျက်ရှိသော Application Programming Interface (API) စနစ်၏ Software နှင့် Hardware Maintenance Vendor ငှားရမ်းခြင်း အတွက် ဈေးနှုန်းအဆိုပြုလွှာ စိစစ်ရွေးချယ်ခြင်းအခမ်းအနားကို (၂၉-၉-၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားအား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) မှဦးဆောင်၍ ဌာနဆိုင်ရာကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဖြင့် ကုမ္ပဏီများမှ တင်ပြလာသော ဈေးနှုန်းအဆိုပြုလွှာများအား စိစစ်ရွေးချယ်ခဲ့ပါသည်။

# ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုဆိုင်ရာ (HS) မွမ်းမံသင်တန်းဖွင့်လှစ်ခြင်း



ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုဆိုင်ရာ (HS) မွမ်းမံသင်တန်းကို (၁၃-၉-၂၀၂၂) ရက်နေ့မှ (၂၃-၉-၂၀၂၂) ရက်နေ့အထိ နေ့စဉ် (၀၈:၀၀) နာရီမှ (၀၉:၃၀) နာရီအချိန်အထိ အကောက်ခွန်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားအား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သီသီတင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို အကောက်ခွန်မှူးနှင့် ဒုတိယအကောက်ခွန်မှူး၊ သင်တန်းသားဦးရေ (၇၀) ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်မှာ အရာထမ်းများအား HS 2017 နှင့် HS 2022 ကူးပြောင်းချိတ်ဆက်မှုနှင့်ပတ်သက်၍ ပြောင်းလဲမှုများအားသိရှိစေရန်၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်နှင့် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားခြင်းဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များ လျော့နည်းလာစေရန် သင်တန်းပို့ချခဲ့ခြင်း ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၇.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၆၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၆၃၂၇.၂၀၁) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၉-၉-၂၀၂၂) ရက်နေ့တွင် Dryport (KM) ကုန်လှောင်ရုံသို့ Vietnam နိုင်ငံမှ တင်သွင်းလာသည့် BRAND NEW CAR SPARE PARTS (KIA Brand) (66) Items အား Into-Bond ဆောင်ရွက်ရန်အတွက် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားသည် နှင့် ကိုက်ညီခြင်းမရှိသည့် BRAND NEW CAR BODY FIT (KIA BRAND) (40) Units ၊ ခန့်မှန်းတန်ဖိုး ကျပ် (၂၀၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၇.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း


## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၂၂-၉-၂၀၂၂) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်းသို့ တင်သွင်းလာသော ကုန်သေတ္တာအား စစရ (Mobile) အဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးရာ ID တွင် ကြေညာထားခြင်းမရှိသော Cycle Brake Shoe (6240 kg) အပါအဝင်ကုန်ပစ္စည်း (၂၆)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၈၂,၁၂၃,၆၆၀/-) အားလည်းကောင်း၊ ID တွင်ကြေညာထားခြင်းမရှိသည့် Vegetable Oil(Brand # Sun Shine)- (2400)Kgs၊ ခန့်မှန်းတန်ဖိုးကျပ် (၇,၂၀၀,၀၀၀/-) အား လည်းကောင်း၊ Insect (E-Cigarette) Empty Liquid Refill Head -(760) Cartons အပါအဝင် ကုန်ပစ္စည်း(၃)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၁,၀၆၀,၀၀၀/-) အား လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၀,၃၈၃,၆၆၀/-) အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







**အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ်**

**(၆၃၂၇.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း**

## နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း

(၅-၉-၂၀၂၂) ရက်နေ့တွင် (၁၆) မိုင်၊ အတက်ယာဉ်စစ်ဆေးရေးစင်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့သည် မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော Mitsubishi Fuso အမျိုးအစား၊ ယာဉ်အမှတ် (8I/9579) အားစစ်ဆေးရာ ယာဉ်ပေါ်၌ ပီနံအိတ်အဖြူရောင်အတွင်း ကွဲကောသီးများဖြင့်ရောနှော၍ တရုတ်စာတမ်းပါ ပီနံအိတ်အဖြူရောင်အတွင်းတွင် တရုတ်စာတမ်းပါစက္ကူဖြင့် သို၀ှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော အကြမ်းထည်အကွင်း ဆိုဒ်စုံအား တွေ့ရှိသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန်အတွက် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပါသည်။(၆.၉.၂၀၂၂) ရက်နေ့တွင် တာဝန်ကျ စစ်ဆေးရေးအဖွဲ့မှ အဆိုပါယာဉ်အား အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်တင်ပို့ခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကွဲကောသီး (1800 U)၊ ခန့်မှန်းတန်ဖိုးကျပ် (၇၂၀,၀၀၀/-) အားလည်းကောင်း၊ ကျောက်စိမ်းဟုယူဆရသော အကြမ်းထည်အကွင်းဆိုဒ်စုံ (990)Kg ၊ ခန့်မှန်းတန်ဖိုးကျပ်(၄၉,၅၀၀,၀၀၀/-) အားလည်းကောင်း၊ အခင်းဖြစ်ပစ္စည်းအား တင်ဆောင်လာသည့် ယာဉ်အမှတ် (8I/9579)၊ Mitsubishi Fuso ၊ MAHAR NEW BUS (MHN-B-01)၊ ခန့်မှန်းတန်ဖိုးကျပ် (၁၈,၀၀၀,၀၀၀/-) အားလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၈,၂၂၀,၀၀၀/-) အားအမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၇.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း

(၂-၉-၂၀၂၂) ရက်နေ့တွင် လားရှိုးမြို့ရှောင်လမ်းမကြီး၊ မယ်ဟန်စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသော စစ်ဖက်ရေးရာလုံခြုံရေးတပ် (ရမခ)မှ တာဝန်ကျအဖွဲ့ဝင်(၃)ဦး ဖြင့် တာဝန်ထမ်းဆောင်နေစဉ် ဖာလျှံကျေးရွာမှ လားရှိုးမြို့သို့မောင်းနှင်လာသော ယာဉ်အမှတ် (6C-2687) (NISSAN) (12W) အား လားရှိုးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ စစ်ဆေးရန် ခေါ်ဆောင်လာပြီး အကောက်ခွန်ဝန်ထမ်းများမှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့်(Dali Beer)(1x24)(856 Pkg)၊ ခန့်မှန်းတန်ဖိုးကျပ်(၈,၅၆၀,၀၀၀/-) အားလည်းကောင်း ၊ (Lotus Flower) (1x50) (710 Pkg)၊ ခန့်မှန်းတန်ဖိုးကျပ် (၃,၅၅၀,၀၀၀/-) အားလည်းကောင်း ၊ အခင်းဖြစ်ပစ္စည်း တင်ဆောင်လာသော ယာဉ်အမှတ် (6C-2687) (NISSAN) (12W) ခန့်မှန်းတန်ဖိုးကျပ်(၂၀,၀၀၀,၀၀၀/-)အားလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၃၂,၁၁၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။









# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၇.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု

(၃-၉-၂၀၂၂)ရက်နေ့တွင် သန္နီမြို့နယ်၊ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ လားရှိုးမြို့မှ သန္နီမြို့သို့ သက်ာမကင်းဖွယ် ယာဉ်အမှတ် (1F–8621)(SUZUKI SWIFT) လိုင်စင်မဲ့ ယာဉ်တစ်စီး ရပ်တန့်ထားရှိသဖြင့် ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ခံရုံးသို့ ယူဆောင်လာခဲ့ပြီး အသေးစိတ် ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်၏







အရှေ့ခရီးသည်ဘက်ခြမ်းရှိ Dash board အောက် အံ့ဝှက်အတွင်း ၊ ယာဉ်မောင်းနှင့် ခရီးသည် ထိုင်ခုံကြားရှိ Hand Break အထိုင်အောက်အံ့ဝှက်အတွင်း၌ သိုဝှက်သယ်ဆောင်လာသော( SIG SAUER P 320 SP 9 MM) (၁ လက်) ၊( BERTTA PH 57849 9MM) (၁ လက်)၊ (GLOCK FIRE ARMS 9MM) (၅ လက်) ၊(SIG SAUER P 365 9MM)(၁ လက်) ၊ ( CZ457 ပွိုင့် ၂၂) (၁ လက်) ၊( CA455 ပွိုင့် ၂၂) (၁ လက်) ၊( RUGER USA ပွိုင့် ၂၂) (၁လက်) ၊ ( 9MM ကျည်) (၅၃၀၀ တောင့်)၊ (ပွိုင့်၂၂ ကျည်)( ၃၈ တောင့်) ၊( SILENCER GLOCK) (အသံတိတ်ပြောင်း) (၅ခု)၊( ကျည်အိမ်)(၂၀ ခု) ၊(ပွိုင့်၂၂RUGER)၊သေနတ်ထည့်အိတ်( ၁ အိတ်)၊ ခန့်မှန်းတန်ဖိုးကျပ် (မခန့်မှန်းနိုင်) အားလည်းကောင်း၊ အခင်းဖြစ်ပစ္စည်းတင်ဆောင်လာသော ယာဉ်အမှတ်( 1F–8621) (SUZUKI SWIFT)၊ ခန့်မှန်းတန်ဖိုးကျပ် (၆,၀၀၀,၀၀၀/–) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

**အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ်**

**(၆၃၂၇.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း**

## ထူးခြားဖမ်းဆီးမှု







(၂၇-၉-၂၀၂၂) ရက်နေ့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ် (6N–9578) (22W) အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားခြင်းမရှိသော Cement Ceiling Board, Brand–SHERA (15Pcs=30Kg)1Pkg, (220Pkg×30Kg=6600Kg) – (6600 Kg) နှင့် Monosodium Gluta–mate Orchid Flower Brand (1Pkg×25Kg) – (1000 Kg)၊ ခန့်မှန်းတန်ဖိုးကျပ် (၃,၉၇၃,၂၀၀ိ/–) အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (6N–9578) (22W), Brand # Man TGX 26440, Type # Tractor Head (6×2), Model # 2011, C/O # Germany၊ (1) U ၊ ခန့်မှန်းတန်ဖိုးကျပ် (၉၀,၀၀၀,၀၀ိ/–) အားလည်းကောင်း၊ နောက်တွဲယာဉ် (1TLR–7666), Brand # Semi Trailer, Type # Truck Type, C/O # China၊ ခန့်မှန်းတန်ဖိုးကျပ် (၂၅,၀၀၀,၀၀ိ/–) အားလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၁၈,၉၇၃,၂၀၀ိ/–) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

